ဤဥပဒေများမှာ ဝန်ထမ်းများ ရွှေ့ပြောင်းမှုအခြေအနေပေါ်မူတည်ပြီး ဝန်ထမ်းများကို ကာကွယ်ပေးပါသည်။ ကာကွယ်ပေးထားခံရသော ဝန်ထမ်းများသည် ဥပဒေနှင့် အညီ လုပ်ဆောင်ရမည် ဖြစ်သည်။ လက်တုံ့ပြန်ခြင်းသည် တရားမဝင်ပါ။

**စတင်အကြုံးဝင်မည့်နေ့ ဇူလိုင် 1, 2020**

အလုပ်သမားရေးရာရုံး (Office of Labor Standards) (OLS) ၏ ရည်မှန်းချက်မှာ အလုပ်သမားများအဆင့်အတန်းကို မြင့်မားသော လုထုအဆင့်အတန်း နှင့် လုပ်ငန်းတွန်းအား၊ ဗျူဟာပြည်ဝသော အားပေးလုပ်ဆောင်ချက်နှင့် တီထွင်စွမ်းအားနှင့်မူဝါဒ တိုးတက်မှုတို့ကို လူမျိုး နှင့် လူအသိုက်အဝန်းကို အားဖြည့်ပေးနိုင်အောင်လုပ်ဆောင်ရင်း တိုးတက်လာစေလိုပါသည်။

ဤပိုစတာမှာ အလုပ်ခွင်၏ လူမြင်ကွင်းတွင် အင်္ဂလိပ်ဘာသာ နှင့် ဝန်ထမ်း(များ) ပြောဆိုသော ဘာသာစကားတို့ဖြင့် ချိတ်ဆွဲပြသထားရမည်။ အလုပ်သမားရေးရာရုံးမှ ဘာသာပြန်များ၊ စကားပြန်များနှင့် မသန်စွမ်းများအတွက် အထောက်အပံ့များကို ထောက်ပံ့ပေးပါသည်။

# 2021 ဟိုတယ်ဝန်ထမ်းအားအတွက် ရပိုင်ခွင့်အကြောင်းကြားစာ

## SMC 14.26
## အကြမ်းဖက်မှုမှ ကာကွယ်ခြင်း

**ဧည့်သည်များ၏ အပြုအမူများနှင့် နှောက်ယှက်ခံရခြင်း သို့မဟုတ် အကြမ်းဖက်ခံရခြင်းမှ ဝန်ထမ်းများကို ကာကွယ်ခြင်း**

**ဘယ်သူတွေဒါကို လျှောက်ထားနိုင်သနည်း။**

အတွက်ဟိုတယ်ရှိ 60 သို့မဟုတ် ၄င်းထက်ပိုသော ဟိုတယ်ခန်းများအတွက် အလုပ်လုပ်ပေးနေရသော ဝန်ထမ်းများ

**ဝန်ထမ်းများ၏ ရပိုင်ခွင့်မှာ -**

- ဟိုတယ်ဧည့်သည်အခန်းများတွင် အလုပ်လုပ်နေစဉ် သို့မဟုတ် ပစ္စည်းပို့နေချိန်တွင် အရေးပေါ်ခလုတ်များကို နှိပ်ခြင်း (ဟိုတယ်မှ ထောက်ပံ့ပေးထားသော)
- သင့်အလုပ်ရှင်ထံသို့ အကြမ်းဖက်မှု သို့မဟုတ် ဧည့်သည်မှ နှောက်ယှက်မှုများကို တိုင်ကြားခြင်း
- ဟိုတယ် ဧည့်သည်များမှ အကြမ်းဖက်မှု သို့မဟုတ် နှောက်ယှက်မှုများမှ ကာကွယ်ခံရခြင်း
- ထိုဧည့်သည်မှာ အကြမ်းဖက်မှု သို့မဟုတ် နှောက်ယှက်မှုများဖြင့် တိုင်ကြားခံထားရစဉ် ဟိုတယ်ခန်းသို့ အလုပ်လုပ်ခိုင်းခြင်း သို့မဟုတ် ပစ္စည်းပို့ခြင်းတို့ကို တာဝန်မပေးခြင်း

**အကယ်၍ ဝန်ထမ်းသည် ဧည့်သည်များမှ အကြမ်းဖက်မှု သို့မဟုတ် နှောက်ယှက်မှုများမှ ခံထားသူဖြစ်ပါက ၄င်း၏ ရပိုင်ခွင့်မှာ -**

- ၄င်းတို့၏ ရွေးချယ်မှုအတိုင်း မတူနေရာ အလုပ်နေရာတွင် သွားအလုပ်လုပ်ရန် အဆိုင်းခံခွင့်တောင်းခြင်း
- ဝန်ထမ်း ဥပဒေရေးရာဆိုင်ရာနှင့် ထောက်ပံ့ပေးမည့်လူနှင့်စကားပြောရန် ဝင်ငွေရ အချိန်ရရှိခြင်း
- King County လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ရေးရာ စင်တာ မှ အထောက်အပံ့ဝန်ဆောင်မှုများ၊ အရင်းအမြစ်များ နှင့်/သို့မဟုတ် ဖုန်းခေါ်ဆိုရန် အဆက်သွယ်များ (24 နာရီဖုန်းလိုင်း) ရရှိခြင်း - 1-888-998-6423
- Washington 7.69.030 ပြင်ဆင်ကုဒ်ဥပဒေ(Revised Code of Washington) အတိုင်း ထောက်ပံ့သည့် ခံရသူအတွက် အကျိုးခံစားခွင့်များရခြင်း

## SMC 14.27
## အလုပ်ဝန်အကန့်အသတ်

**အခန်းရှင်းပေးသည့် အလုပ်ဝန်များကို ကန့်သတ်ပေးခြင်း**

**ဘယ်သူတွေဒါကို လျှောက်ထားနိုင်သနည်း။**

ဟိုတယ်တွင်း အခန်း ၁၀၀ သို့မဟုတ် ၄င်းထက်ပိုပြီး အခန်းရှင်းပေးရသော အချိန်ပိုင်း ဝန်ထမ်းများ

**ဝန်ထမ်းများ၏ ရပိုင်ခွင့်မှာ -**

- တစ်နေ့လျှင် 8-နာရီ ဟိုတယ်ခန်း 4,500 စတုရန်းပေ (418 m2) ကို သန့်ရှင်းရေး လုပ်ရခြင်း
- ခွင့်ပြုထားသော အများဆုံး အကျယ်အဝန်း ထက်များပါက ငြင်းဆိုခြင်း
- ခွင့်ပြုထားသော အများဆုံး အကျယ်အဝန်း ထက်များပါက လုပ်အားခ 3 ဆ ရရှိခြင်း (အခြေအနေရပ်တော်တော်များများတွင်)

## SMC 14.28
## ကျန်းမာရေး စောင့်ရှောက်မှု ရနိုင်ခြင်း

**အလုပ်ရှင်များမှ ကျန်းမာရေး အသုံးပြုငွေပေးရန် လိုအပ်ပါသည်။**

**ဘယ်သူတွေဒါကို လျှောက်ထားနိုင်သနည်း။**

တစ်လလျှင် ပျမ်းမျှ နာရီ ၈၀ သို့အနည်းဆုံးလုပ်ရသည့် ဝန်ထမ်းများ သို့မဟုတ် အလု ဟိုတယ်ရှိ ၁၀၀ သို့မဟုတ် ၄င်းထက်ပိုသော ဟိုတယ်ခန်းများအတွက်လုပ်ပေးနေရသော ဝန်ထမ်းများ နှင့် ကြီးကြပ်သူများ၊ မန်နေဂျာများ သို့မဟုတ် အလုပ်သမား ဆက်နွယ်မှုအကြောင်း စီမံခန့်ခွဲ စည်းမျဉ်း အတည်ပြုပေးနေရသည့် ဝန်ထမ်းများ၊ မပါဝင်ပါ။

**ဝန်ထမ်းများ၏ ရပိုင်ခွင့်မှာ -**

- အလုပ်ရှင်မှတစ်ဆင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုထောက်ပံ့ငွေကို ရယူပြီး ကျန်းမာရေး စောင့်ရှောက်မျှကို အဆင့်မြှင့် ရနိုင်ခြင်း
- အောက်ပါအတိုင်း တစ်ခု သို့မဟုတ် ၄င်းထက်ပိုမိုပြီး အသုံးပြုရန် ငွေပေးချေမှုများ ပြုလုပ်နိုင်ခြင်း

(1) ပုံမှန်ဝင်ငွေ၏ ပေးချေမှုများ
(2) အလုပ်ရှင် စပွန်ဆာပေး ကျန်းမာရေး အာမခံအစီအစဉ် ထံသို့ ငွေပေးချေမှုများ နှင့်/သို့မဟုတ်
(3) အခွန်လျှော့ပေါ့ ကျန်းမာရေး အစီအစဉ်များ သို့ ပေးချေမှုများ (ဥပမာ - ကျန်းမာရေးငွေစုအကောင့်များ)

| 2021 နှုန်းထားများ† | |
|---|---|
| **လစဉ်အသုံးပြုငွေ** | **မိသားစုအလိုက်** |
| **$437** | ဝန်ထမ်းတစ်ဦးတည်း |
| **$743** | မှီခိုသူများရှိသော ဝန်ထမ်းတစ်ဦးတည်း |
| **$874** | အိမ်ထောင်ဖက်ရှိသော ဝန်ထမ်း၊ မှီခိုသူမရှိ |
| **$1,310** | မှီခိုသူများနှင့် အိမ်ထောင်ဖက်ရှိသော ဝန်ထမ်း၊ |

**†နှစ်တစ်ခုချင်း၏ နှုန်းထားများကို ယခင်နှစ်၏ ဖွန် 30 ထက်နောက်မကျဘဲ ကြေငြာပေးပါသည်။**

အလုပ်ရှင်မှ ကျန်းမာရေး အာမခံ အကျိုးခံစားခွင့်ကို ကမ်းလှမ်းပါက ဇူလိုင် 1, 2020ပြီးနောက် အလုပ်ရှင်ပထမဆုံးဖွင့်သော စာရင်းသွင်းသောနေ့မှ စပြီး ၄င်းကို စတင်အကျုံးဝင်မည်ဖြစ်သည်။

## SMC 14.29
## အလုပ်အားထိန်းသိမ်းခြင်း

**အလုပ်ရှင်ပြောင်းလဲမှုရှိပြီးပါက ဝန်ထမ်းများအား ထိန်းသိမ်းထားဂုန် လိုအပ်သည်။**

**ဘယ်သူတွေဒါကို လျှောက်ထားနိုင်သနည်း။**

ဟိုတယ်ရှိ 60 သို့မဟုတ် ၄င်းထက်ပိုသော ဟိုတယ်ခန်းများနှင့် အဆက်အစပ်ရှိသော ဝန်ထမ်းများ သို့မဟုတ် လုပ်ငန်းကိုရောင်းချခြင်းမပြုမီ [ရက်ပေါင်း 30 လုပ်ပေးခဲ့သော ဝန်ထမ်းများ။ ကြီးကြပ်သူများ၊ မန်နေဂျာများ သို့မဟုတ် အလုပ်သမား ဆက်နွယ်မှုအကြောင်း စီမံခန့်ခွဲ စည်းမျဉ်း အတည်ပြုပေးနေရသည့် ဝန်ထမ်းများ၊ မပါဝင်ပါ။

**ဝန်ထမ်းများ၏ ရပိုင်ခွင့်မှာ -**

- လုပ်ငန်း၏ ပိုင်ဆိုင်သူပြောင်းလဲကြောင်း အကြောင်းကြားခံရခြင်း
- လာမည့်အလုပ်ရှင်သစ်ထံမှ လက်ရေးဖြင့် အလုပ်ကမ်းလှမ်းချက် ရခြင်း(လုပ်သက်ပေါ်မူတည်ပြီး)
- ဝန်ထမ်းအား အလုပ်ဖြုတ်ခြင်း သို့မဟုတ် လူလျှော့ခြင်း (လုပ်သက်အလိုက်) ရှိပါက အလုပ်ရှင်အသစ်ဖြင့် ရက်ကိုးဆယ်အလုပ်ခန့်မှု
- 90 ရက်ပြည့်ချိန်တွင် လုပ်ဆောင်ချက် စစ်ဆေးမှု

## ဝန်ထမ်းအခွင့်အရေးများကို သိရန်

**လက်တုံ့ပြန်ခြင်းအား တားမြစ်ထားသည် -** ဤဥပဒေများသည် ဝန်ထမ်းများကို လက်တုံ့ပြန်ခြင်း သို့မဟုတ် ရပိုင်ခွင့်များအား မျက်ကွယ်ပြုခြင်းတို့မှ ကာကွယ်ပေးထားသည်။

**တိုင်ကြားမှုပြုလုပ်ခွင့်ရှိခြင်း -** ဝန်ထမ်းများတွင် OLS နှင့် တိုင်ကကြားမှု ပြုလုပ်ရန် သို့မဟုတ် အလုပ်ရှင်မှ ချမှတ်ထားသော ဥပဒေကို ဖောက်ဖျက်ပါက တရားစွဲဆိုခွင့် ရှိသည်။

**ဆက်သွယ်ရန် -**
**အလုပ်သမားရေးရာရုံး**

**အလုပ်ရှင်များ**
တိုင်ကြားမှု ဆိုင်ရာ အကူအညီ နှင့်/သို့မဟုတ် လေ့ကျင့်ရေး ရရှိနိုင်သည်။

**ဝန်ထမ်းများ**
OLS နှင့် တိုင်ကြားခြင် သို့မဟုတ် တရားဆွဲရန် ဖောင်ဖြည့်ခြင်း ပြုလုပ်နိုင်သည်။

**206-256-5297**
**www.seattle.gov/laborstandards**

810 THIRD AVE, SUITE 375 SEATTLE, WA 98104 | နာရီချိန်များ: 8 AM–5 PM (တနင်္လာ–သောကြာ) | LABORSTANDARDS@SEATTLE.GOV